# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 28 , 2022 Volume 52, Number 18


၂၈.၃.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၉ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၆၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၇၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၅၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၁.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၄၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၄.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၄၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၂.၂၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၀၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မူဆယ်နှင့်ချင်းရွှေဟော်နယ်စပ်တွင် MACCS စနစ် ပြောင်းလဲအသုံးပြုမည်

မူဆယ်နယ်စပ်နှင့် ချင်းရွှေဟော်နယ်စပ်တွင် ၂၀၂၂ ခုနှစ် မတ် ၃၀ ရက်မှစတင်၍ မြန်မာ ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးစနစ် (Myanmar Automated Cargo Clearance System – MACCS) စနစ်အား စတင်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှသိရသည်။

MACCS စနစ်ကို အကောက်ခွန်ဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများ၊ မူဆယ်နယ်စပ်ဒေသနှင့် ချင်းရွှေဟော်နယ်စပ်ဒေသမှ အကောက်ခွန်ဝန်ထမ်းများ၊ ဌာနဆိုင်ရာမိတ်ဘက်အဖွဲ့အစည်းများ၊ မူဆယ်–နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ ကုန်ပစ္စည်းတင်သွင်း၊ တင်ပို့သည့်ကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းစနစ်ကို ရန်ကုန်ဧရိယာတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ၌လည်းကောင်း၊ မြဝတီနယ်စပ်ဒေသတွင် ၂၀၁၈ ခုနှစ် ဇွန်လ၌လည်းကောင်း စတင်အသုံးပြုဆောင်ရွက်ခဲ့ပြီး ယခုအခါ တိုးချဲ့ဒေသအဖြစ် မူဆယ်နယ်စပ်ဒေသနှင့် ချင်းရွှေဟော်နယ်စပ်ဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် လက်ရှိတွင် Private User များအတွက် လက်တွေ့လေ့ကျင့်သင်ကြားခြင်း သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ကုန်သွယ်မှုဆက်စပ်ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများပြုလုပ်ခြင်း၊ MACCS စနစ်အသုံးပြုမှုဆိုင်ရာသင်တန်းများပေးခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။ သို့ဖြစ်၍ မူဆယ်နယ်စပ်ဒေသ၊ ချင်းရွှေဟော်နယ်စပ်ဒေသနှင့် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ စစ်ဆေးရေးစခန်းများတွင် လာမည့်မတ် ၃၀ ရက်မှစတင်ကာ မြန်မာကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေးနှင့်ထိန်းချုပ်ရေးစနစ် (Myanmar Automated Cargo Clearance System–MACCS) ကို အပြည့်အဝအသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနက အသိပေးကြေညာထားသည်။

**Source:** http://sdtimedaily.com/

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ခင်းများမှထွက်သည့် ဆီသီးခိုင်များကို ဆီကြမ်းအဖြစ်သာ ထုတ်နိုင်သေးကြောင်းသိရ

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့် ဆီသီးခိုင်များကို ဆီကြမ်းအဖြစ်သာထုတ်နိုင်သေးပြီး ဆီသီးခိုင်တစ်တန်လျှင် ကျပ်သုံးသိန်းဝန်းကျင် ဈေးပေါက်နေကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်းဒေသကြီးမှာ ဆီအုန်းစိုက်ပျိုးမှု အများဆုံးဖြစ်ပြီး တိုင်းဒေသကြီးတစ်ခုလုံးတွင် ဆီအုန်းစိုက်ဧက လေးသိန်းကျော်ရှိကြောင်းသိရသည်။ အထူးသဖြင့် မြိတ်ခရိုင်နှင့်ကော့သောင်းခရိုင်များတွင် ဆီအုန်းစိုက်ပျိုးမှု အများဆုံးဖြစ်ပြီး ဆီကြိတ်ထုတ်လုပ်နိုင်သည့်စက်ရုံမှာနှစ်ရုံသာရှိကြောင်းသိရသည်။ "ဒေသလုပ်တဲ့ ဆီကြိတ်စက်လေးတွေက ခြံတွေကထွက်တဲ့ဆီသီးခိုင်တွေကိုအမြဲကြိတ်နိုင်ခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ မြိတ်ခရိုင်ကထွက်တဲ့ ဆီသီးခိုင်တွေကို ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်မှာရှိတဲ့ တောင်ဒဂုံဆီကြိတ်စက်ရုံ၊ ကော့သောင်း မြို့နယ်မှာရှိတဲ့ ယုဇနဆီကြိတ်စက်ရုံတွေကို ရောင်းချလျက်ရှိပါတယ်။ လက်ရှိပေါက်ဈေးအရ ဆီသီးခိုင်ဈေးနှုန်းက တစ်တန်ကို သုံးသိန်းနဲ့ သုံးသိန်းတစ်သောင်း ဝန်းကျင်ရှိတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးမှုကို ၁၉၉၀ ခုနှစ်ဝန်းကျင်မှစတင်စိုက်ပျိုးခဲ့ပြီး ယခုအခါ ကုမ္ပဏီပေါင်း ၂၀ ကျော်နှင့် ခြံရှင်ပေါင်း ၄၀ ခန့် ဆီအုန်းစိုက်ပျိုးနေကြောင်းသိရသည်။ သို့ရာတွင် အများစုမှာ ဆီသီးခိုင်ခူးပြီး ကော့သောင်းခရိုင် အတွင်းရှိ တောင်ဒဂုံနှင့်ယုဇနဆီကြိတ်စက်ရုံများသို့ ပို့ဆောင်ရောင်းချနေရကြောင်းသိရသည်။ "တောင်သူတွေထဲမှာလည်း တချို့က ဆီအုန်းစိုက်ပျိုးတာတွေ လုပ်လာတယ်။ အပင်တစ်ပင်နဲ့တစ်ပင်ကို ၂၄ ပေလောက်ကွာပြီးစိုက်ရတဲ့အတွက် မြေဧကတော့ များများလိုအပ်တယ်။ အထွက်နှုန်းလည်းများတယ်။ ကွမ်းသီးပင်တွေလို ခိုးခံရတဲ့ဖြစ်စဉ်တွေလည်းမရှိဘူး။ ဆီသီးခိုင်တွေကို ဘုတ်ပြင်းနဲ့ကော့သောင်းဘက်ကို ကားတွေနဲ့တင်ပြီးသွားရောင်းရတယ်" ဟု မြိတ်မြို့မှ ခြံပိုင်ရှင်တစ်ဦးက ပြောကြားသည်။ စားသုံးဆီထုတ်လုပ်သည့် ဆီအုန်းပင်မှ ဆီသီးခိုင်များကို မြန်မာနိုင်ငံတွင် ဆီကြိတ်အဆင့်သာ ထုတ်လုပ်နိုင်သေးကြောင်း သိရသည်။

**Source:** https://news-eleven.com/article/228115

## တရုတ်နိုင်ငံဘက်က ကျန်းမာရေးဆိုင်ရာ စီမံကြီးကြပ်မှုများပြုလုပ်အပြီး မူဆယ်-ဝမ်တိန် မန်မိုင် (ကျင်ဆန်းကျော့) ဂိတ်ကို မတ် ၂၇ ရက်တွင် ပြန်လည်ဖွင့်လှစ်



https://news-eleven.com/article/228192

တရုတ်ဘက်က ကျန်းမာရေးဆိုင်ရာ စီမံကြီးကြပ်မှုပြုလုပ်အပြီး မူဆယ်-ဝမ်တိန် မန်မိုင် (ကျင်ဆန်းကျော့) ဂိတ်ပေါက်ကို မတ် ၂၇ ရက် နံနက် တရုတ်စံတော်ချိန် ၉ နာရီက ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ "တရုတ်ဘက်က ကျန်းမာရေးဆိုင်ရာ စီမံကြီးကြပ်မှု ပြုလုပ်အပြီး မူဆယ်-ဝမ်တိန် မန်မိုင် (ကျင်ဆန်းကျော့) ဂိတ်ပေါက်ကို မတ် ၂၇ ရက် နံနက် တရုတ်စံတော်ချိန် ၉ နာရီက ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ အရင်ရှန်တိန်စနစ်နဲ့ပဲ ပုံမှန်ပြန်လည်လည်ပတ်နေပါပြီ" ဟုရွှေလွယ်အင်ကွင်း တာဝန်ခံကပြောကြားသည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ဂိတ်ပေါက်တစ်ခုဖြစ်သည့် ကျင်ဆန်းကျော့ ဝမ်တိန် (မန်မိုင်-ကျင်ဆန်းကျော့) ဂိတ်ပေါက် တရုတ်ဘက်အခြမ်း၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတစ်ဦး၌ အိုမီခရွန်ပိုး တွေ့ရှိမှုကြောင့် တရုတ်ဘက်က မတ် ၂၅ ရက် နံနက်ပိုင်းမှစတင်၍ မြန်မာဘက်အခြမ်းသို့ အကြောင်းကြားခြင်းမရှိဘဲ ယာယီပိတ်ခဲ့သည်။

ထိုသို့ ပိတ်ထားခြင်းကြောင့် ပို့ကုန်သွင်းကုန်ကား ရာနှင့်ချီရပ်နားစောင့်ဆိုင်းခဲ့ရကြောင်းသိရသည်။ မြန်မာဘက်ခြမ်း ရွှေလွယ်အင်ကုန်ချိန်းကွင်း၌ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့ရန် စောင့်ဆိုင်းနေသော ကုန်ကားများမှာ သခွားမွှေးကား ၅၁ စီး၊ ဖရဲသီးကား ၁၆ စီး၊ ဖရုံသီးကား ခြောက်စီး၊ ဆန် ၇၁ စီး၊ ဆန်ကွဲ သုံးစီး၊ ပြောင်း ၂၉ စီးနှင့် အခြားကုန်စည်များ တင်ဆောင်ထားသည့် ကုန်ကားများအပါအဝင် စုစုပေါင်း ၃၁၉ စီး ပြည်ပပို့ကုန်တင်ပို့ရန် စောင့်ဆိုင်းနေခဲ့ရကြောင်း သိရသည်။

ထိုနည်းတူ တရုတ်ဘက်မှ မြန်မာပြည်ဘက်သို့ထွက်လာရန် ကုန်တင်ထားပြီးသော ကုန်တင်ယာဉ်နှင့်ကုန်မဲ့ကုန်တင်ယာဉ် စာရင်းပေးသွင်းထားမှုမှာ စုစုပေါင်းအစီးရေ ၆၀၀ ကျော်ရှိကြောင်း မူဆယ်-ဝမ်တိန်ကုန်သည် ပွဲစားလုပ်ငန်းရှင်များနှင့် ယာဉ်မောင်းများထံမှ သိရသည်။

**Source:** https://news-eleven.com/article/228192

## ၂၀၂၂ ခုနှစ် ဇန်နဝါရီနှင့်ဖေဖော်ဝါရီတွင် ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်း ၁၃ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၉၇ စင်းဝင်ရောက်ခဲ့ပြီး ဆိပ်ကမ်းလုပ်ငန်းများဆောင်ရွက်ခဲ့



https://news-eleven.com/article/228080

၂၀၂၂ ခုနှစ် ဇန်နဝါရီနှင့်ဖေဖော်ဝါရီတွင် ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်း ၁၃ ခု၏ စုစုပေါင်း ကုန်သေတ္တာတင်သင်္ဘော ၉၇ စီး ဝင်ရောက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထုတ်ပြန်သောသတင်းအချက်အလက်များအရ သိရသည်။

ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များ တိုးမြှင့်တင်သွင်းရန် ရန်ကုန်ဆိပ်ကမ်းများ၌ ၂၀၂၂ ဇန်နဝါရီတွင် သင်္ဘောလိုင်း ၁၃ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၄၉ စီး၊ ဖေဖော်ဝါရီတွင် သင်္ဘောလိုင်း ၁၃ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၄၈ စီးဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ပွင့်လင်းရာသီပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန်နှင့် ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များလည်း တိုးမြှင့်တင်သွင်းနိုင်ရန် အတွက်လည်းကောင်း ကုန်သေတ္တာတင်သင်္ဘောလိုင်းအသီးသီးမှ ခရီးစဉ်များ ပြန်လည်တိုးချဲ့ပြေးဆွဲရန် စီစဉ်ထားခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထုတ်ပြန်သော အချက်အလက်များအရသိရသည်။

ရန်ကုန်ဆိပ်ကမ်းများသို့ ၂၀၂၁ ခုနှစ် မေလမှစတင်ကာ နိုင်ငံတကာကုန်သေတ္တာနှင့် အထွေထွေကုန်စည်သင်္ဘောများ ပိုမိုဝင်ရောက်ခဲ့ပြီး ကုန်သေတ္တာ ၁၁၀၀၀ ကျော်နှင့် အထွေထွေကုန်စည် ၁၁၅၀၀၀ မက်ထရစ်တန် ပိုမိုကိုင်တွယ်နိုင်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထုတ်ပြန်သောသတင်း အချက်အလက်များအရ သိရသည်။

ရန်ကုန်ဆိပ်ကမ်းအနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကြီးကြပ်စီမံပံ့ပိုးမှုနှင့် ကုန်သေတ္တာဆိပ်ကမ်းတံတားများ၊ သင်္ဘောလိုင်းများနှင့် သွင်းကုန်ပို့ကုန်လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကုန်သေတ္တာတင်သင်္ဘောများအား ၂၀၂၁ ခုနှစ် မေလတွင် Turnaround Time ပျမ်းမျှ သုံးရက်ခန့် ဖြင့် ဝန်ဆောင်မှု ပေးနိုင်ခဲ့ကြောင်းသိရသည်။

မေလမှစ၍ သင်္ဘောဝင်ရောက်မှုနှင့် ကုန်ကိုင်တွယ်မှုများ ပြန်လည်မြင့်တက်လာခဲ့ကာ ကုန်သေတ္တာ ၁၁၀၀၀ ကျော်နှင့် အထွေထွေကုန်စည် ၁၁၅၀၀၀ မက်ထရစ်တန် ပိုမိုကိုင်တွယ်နိုင်ခဲ့ကြောင်းသိရသည်။ ယင်းပြင် ဇွန်လမှစတင်ကာ နိုဝင်ဘာလကုန်ထိလည်း ကုန်သေတ္တာတင်သင်္ဘော ၄၀ စင်းကျော်အထိ ဝင်ရောက်ပြေးဆွဲခဲ့ကြောင်းသိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှု လိုအပ်ချက်များဖြည့်ဆည်းနိုင်ရန် ၂၀၂၁ ခုနှစ်မှစတင်ကာ Maersk Line Myanmar (Sealand Maersk) သင်္ဘောလိုင်းက ကုန်သေတ္တာတင် သင်္ဘောသစ်သုံးစင်းအား စတင်ပြေးဆွဲခဲ့သည်။

Maersk Line Myanmar က စတင်ပြေးဆွဲခဲ့သည့် သင်္ဘောသစ်များမှာ Maersk Norberg, Maersk Narvik နှင့် Maersk Nesna တို့ဖြစ်သည်။ အဆိုပါသင်္ဘောသုံးစင်း အနက် Maersk Norberg သည် MITT နှင့် MIP ဆိပ်ကမ်းတံတားများတွင် ဆိုက်ကပ်ကုန်တင်ကုန်ချ ပြုလုပ်မည်ဖြစ်ကာ ၂၀၂၁ ဇွန် ၁၀ ရက်က Launching Ceremony အား MIP ဆိပ်ကမ်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်္ဘောသစ်သုံးစီးမှာ ကုန်သေတ္တာ ၁၇၅၀ TEU 21000 မက်ထရစ်တန် (ရေစူး ၉.၅ မီတာ) တင်ဆောင် နိုင်မည်ဖြစ်ပြီး၊ မြန်မာနိုင်ငံဈေးကွက်အတွက် သီးသန့်ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းကဲ့သို့ ကုန်သေတ္တာတင်သင်္ဘောသစ်များ တိုးချဲ့ပြေးဆွဲခြင်းဖြင့် ပို့ကုန်များအတွက် Space & Equipment လုံလောက်စွာရရှိနိုင်မည်ဖြစ်ပြီး ပို့ကုန်များအတွက် ဘိုကင်ရရှိရန် စောင့်ဆိုင်းရန် မလိုတော့ဘဲ တင်ပို့နိုင်မည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြစ်အတွင်း ရေလမ်းကြောင်းအသစ် ရှာဖွေတွေ့ရှိမှုကြောင့် ရေစူးကန့်သတ်ချက်တိုးမြှင့်ခွင့်ပြုခဲ့သည့် သီလဝါဆိပ်ကမ်းသို့ ရေစူး ၁၀ မီတာရှိသော နိုင်ငံတကာပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာနိုင်ပြီဖြစ်ကြောင်းသိရသည်။ ရန်ကုန်မြစ်အတွင်း ရေလမ်းကြောင်းအသစ် ရှာဖွေတွေ့ရှိမှုကြောင့် ရေစူးကန့်သတ်ချက်တိုးမြှင့် ခွင့်ပြုခဲ့သည့် ငါးလတာအတွင်း ရန်ကုန်အတွင်းဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းများသို့ တန်ချိန်သုံးသောင်း အထက်သင်္ဘော ၁၅၂ စင်း ဝင်ရောက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

**Source:** https://news-eleven.com/article/228080

## ပစ္စည်းအရောင်းဆိုင်များက ပန်းပုရုပ်တုများ မှာယူမှုမြင့်တက်လာ





Source: ရတနာပုံသတင်းစာ

ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်စတင်တော့မည်ဖြစ်သဖြင့် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ပန်းပုရုပ်တုများ မှာယူမှု မြင့်တက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ ရွှေဆင်မင်း မြန်မာမှုအနုလက်ရာ အရောင်းဆိုင်မန်နေးဂျင်းဒါရိုက်တာ ဒေါ်ထားထားဦးက ပြောပြ၍ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှစ၍ မတ်လအတွင်း အမှတ်တရလက်ဆောင် ပစ္စည်းအရောင်းဆိုင်များက အများဆုံးမှာယူကြသည့် ပန်းပုရုပ်တုများမှာ ပုဂံ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်လေးခေတ် ဝတ်စားဆင်ယင်မှုဖြင့် အမျိုးသမီးရုပ်တု၊ လောကနတ်ရုပ်တုများဖြစ်ပြီး ပြည်ပခရီးသွားဝင်ရောက်မှုအတွက် ကြိုတင်ပြင်ဆင်မှာယူသည့် ပန်းပုထည် များမှာလေးလက်မ၊ ခြောက်လက်မအရွယ် မင်းသား၊ မင်းသမီး၊ သူငယ်တော်၊ ဆင်၊ မြင်းရုပ်တုများနှင့် ၁၂ လက်မနှင့် ခြောက်လက်မအရွယ် ချိတ်ဆွဲနိုင်သည့် သစ်ထွင်းပန်းချီကားများဖြစ်ကြောင်းသိရသည်။

"သင်္ကြန်အပြီးမှာ ခရီးသွားတွေများလာနိုင်တဲ့အတွက် အမှတ်တရပစ္စည်းအရောင်းဆိုင်တွေက ပြင်ဆင်မှုလုပ်တဲ့အနေနဲ့ ဒီရက်ပိုင်းတွေမှာ အမှာတော်တော်များများတက်လာတယ်။ ဒါးပိန်ပန်းပုရွာမှာ ပန်းပုအလုပ်ရုံရှိလို့ ပန်းပုထည်တော်တော် များများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းက အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင် တော်တော်များများကို ဖြန့်ပေးနေ ပါတယ်။ အခုချိန်ကတော့ ပန်းပုရုပ်တုမျိုးစုံ အရွယ်အစားအသေးတွေ အမှာရထားပါတယ်" ဟု ဒေါ်ထားထားဦးကပြောပြ၍ သိရ သည်။

**Source:** ရတနာပုံသတင်းစာ

## ပုလင်းမျက်နှာပြင်တွင် မြန်မာ့ရိုးရာအရုပ်များကို ရုပ်လုံးရုပ်ကြွပုံဖော်ထားသည့် ပုလင်းရုပ်ကြွပန်းချီများ လူကြိုက်များပြီး မှာယူမှုရှိ



Source: ရတနာပုံသတင်းစာ

ပုလင်းမျက်နှာပြင်တွင် မြန်မာ့ရိုးရာအရုပ်များကို ရုပ်လုံးရုပ်ကြွ ပုံဖော်ထားသည့် ပုလင်းရုပ်ကြွပန်းချီများ လူကြိုက်များပြီး မှာယူမှုများ ရှိလာကြောင်း အဆိုပါပုလင်းရုပ်ကြွ ပန်းချီများကို ဖန်တီးရေးဆွဲနေသူ Ki Handy Crafts Production မှ Artist ကိုရစ်ကီက ပြောပြ၍သိရသည်။

ပန်းပုပန်းချီတွင် အမျိုးအစားများ အများအပြားရှိကာ အဓိက မှာယူမှုက ပုလင်းမျက်နှာပြင်တွင် မြန်မာ့ရိုးရာအရုပ်ကလေးများပါသည့် ပုလင်းပန်းချီကို လူကြိုက်များပြီး ပိုမှာယူကြကြောင်း သိရသည်။

"ပုလင်းပေါ်မှာ ရွှံ့နဲ့ရုပ်လုံးရုပ်ကြွဖန်တီးတဲ့ဟာက ကိုယ်ပိုင် Page မှာတင်ရင်းနဲ့ လူကြိုက်များလာတဲ့အတွက် အမှာတွေတက်လာ တယ်။ ခုနှစ်နေ့နံ အရုပ်ကလေးတွေ ပုံဖော်ထားတဲ့ပုလင်းပန်းချီဆို ခုနှစ်မျိုးစလုံး မှာတဲ့သူတွေလဲရှိတယ်။ နေ့နံအတိုင်း မှာယူတဲ့သူတွေလဲရှိတယ်။ မြန်မာနိုင်ငံမှာက ပုလင်းပန်းချီဆိုရင် ပုလင်းပေါ်မှာ ပန်းချီဆွဲထားတဲ့ ပန်းချီမျိုးရယ်၊ ပုလင်းအတွင်း ထဲမှာ ပန်းချီဆွဲထားတဲ့၊ ပုံဖော်ထားတဲ့ ပန်းချီမျိုးကိုမြင်ဖူးပေမဲ့ ပုလင်းပေါ်မှာ ရုပ်လုံးရုပ်ကြွဖော်ထားတဲ့ မြန်မာ့ရိုးရာပုံတွေ ကျတော့ အမြင်ဆန်းတဲ့အတွက်မှာယူကြတာလဲရှိပါတယ်"ဟု ကိုရစ်ကီကပြောပြသည်။

ပုလင်းပေါ်တွင် လက်မှုပညာဖြင့် အရုပ်ကလေးများဖန်တီးပေးရာတွင် ပုလင်းအရွယ်အစားပေါ်မူတည်၍ ကွာခြားသွား ကြောင်း၊ အနုပညာဖန်တီးချက်ပေါ်မူတည်၍ ဈေးနှုန်းမှာလည်းကွာခြားသွားပြီး ငွေကျပ်သုံးသောင်းခန့်မှ တစ်သိန်းခွဲကျော်ထိ ရှိကြောင်းသိရသည်။

မြန်မာ့ရိုးရာအရုပ်များပါဝင်သည့် ပုလင်းရုပ်ကြွပန်းချီကိုရေးဆွဲပေးရသကဲ့သို့ အဆိုပါ ရုပ်ကြွများဖန်တီးရာတွင် ပုလင်းမျက်နှာပြင်၌ ဖန်တီးတပ်ဆင်ထားခြင်းဖြစ်သည့်အတွက် အလှထားရန်သာဖြစ်ပြီး ပုလင်းအတွင်း ရေနှင့်အခြားအရည်များထည့်ကာသုံးစွဲမည်ဆိုပါက လက်နှင့်ထိတွေ့မှုများသဖြင့် ဖန်တီးတပ်ဆင်ထားသည့်အရာများ ပျက်စီးနိုင်ကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးဈေးကွက်များတွင် စက်ပိုင်များက ဝယ်ယူသိုလှောင်မှုကြောင့် စပါးဈေးကောင်းရနေ

ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးဈေးကွက်များတွင် စက်ပိုင်များက ဝယ်ယူသိုလှောင်မှုများကြောင့် စပါးများဈေးကောင်းရနေကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဧရာကုန်သွယ်မှုဗဟိုဌာန၏ မတ် ၂၆ ရက်ထုတ်ပြန်ချက် သတင်းများအရသိရသည်။

ဧရာဝတီတိုင်းဒေသကြီးသည် ဆန်စပါးအဓိကစိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်နေသဖြင့် တိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချပေးနေသကဲ့သို့ အခြားသောမြို့နယ်များသို့လည်း တင်ပို့ရောင်းချပေးနေမှုများရှိနေကြောင်း သိရသည်။

ထို့ပြင် သက်ဆိုင်ရာမြို့နယ်ဆန်စပါးဈေးကွက်များမှ စက်ပိုင်များ၏ ဝယ်ယူသိုလှောင်မှုများလည်းရှိနေကြောင်း၊ ယခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၌ နွေစပါးစိုက်ပျိုးဧက လျော့နည်းနေသဖြင့် အထွက်နှုန်းများ အနည်းငယ်လျော့ကျလျက်ရှိကြောင်း ယခုမတ်လ စတုတ္ထပတ်ထဲတွင် ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးဈေးကွက်များမှ ပုသိမ်၊ ရေကြည်၊ မြောင်းမြ၊ လေးမျက်နှာ၊ မအူပင်နှင့်ကျိုက်လတ်မြို့နယ်တို့၏ ဆန်စပါးဈေးကွက်များတွင် စပါးများဈေးကောင်းရနေကြောင်းသိရသည်။

လက်ရှိအဆိုပါဆန်စပါးဈေးကွက်များတွင် ပုသိမ်မြို့နယ်၌ ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင်ငွေကျပ် ၁၄၀၀၀၀၀၊ ရွှေသွယ်စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၉၅၀၀၀၀၊ ရေကြည်မြို့နယ်တွင် ပခန်းစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၉၀၀၀၀၀၊ ဆင်းသုခစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၈၅၀၀၀၀၊ မြောင်းမြမြို့နယ်တွင် ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀၀၊ မနောသုခနှင့်ဆင်းသုခစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၈၆၀၀၀၀၊ လေးမျက်နှာမြို့နယ်တွင် ဆင်းသုခ စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၇၇၀၀၀၀၊ ပခန်းရွှေဝါစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၈၀၀၀၀၀၊ မအူပင် မြို့နယ်တွင် ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀၀၀၊ မနောသုခစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၈၅၀၀၀၀နှင့် ကျိုက်လတ်မြို့နယ်တွင် ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၀၇၀၀၀၀ ဈေးကောင်းရရှိနေကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

### စီးပွားရေးသုံးသပ်ချက်များ

## ထိုင်းနိုင်ငံအစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းသို့ သစ်သီးဝလံတင်ပို့မှုမြှင့်တင်ရန် ကြိုးပမ်းလျှက်ရှိခြင်း

အစိုးရအနေဖြင့် ယခုနှစ်တွင် အရှေ့အလယ်ပိုင်းသို့ သစ်သီးဝလံတင်ပို့မှုအရှိန်မြှင့်တင်ရန် ကြိုးပမ်းလျှက်ရှိနေကြောင်း၊ တရုတ်နိုင်ငံ၏ Zero-Covid မူဝါဒကြောင့် ထိုင်းသစ်သီးဝလံများတင်ပို့မှု အထူးသဖြင့် ဒူးရင်းသီးများတင်ပို့မှု ဆိုးရွားလာခဲ့ပြီးသည့်နောက် သစ်သီးဝလံတင်ပို့မှု အဆင်ပြေချောမွေ့စေရေးအတွက် တရုတ်နှင့်ဆွေးနွေးညှိနှိုင်းမှုများ အရှိန်မြှင့်တင်ဆောင်ရွက်လျှက်ရှိနေကြောင်းသိရှိရပါသည်။

အစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ Rachada Dhnadirek ၏အဆိုအရ အစိုးရအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနမှတစ်ဆင့် ယခုနှစ်အတွင်း ဆော်ဒီအာရေဗျနိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုကဲ့သို့သော အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ထိုင်းသစ်သီးဝလံများအား တိုးချဲ့တင်ပို့နိုင်ရန်ရည်ရွယ်ထားကြောင်း၊ အဆိုပါနိုင်ငံများအနေဖြင့် ကြက်မောက်သီး၊ မင်းဂွတ်သီး၊ လောင်ဂန်သီး၊ သရက်သီးနှင့်ဒူးရင်းသီးစသည့် ထိုင်းသစ်သီးဝလံများအတွက် ဝယ်လိုအားမြင့်မားသည့် ဈေးကွက်နိုင်ငံများဖြစ်ကြောင်း သိရှိရပါသည်။

သူမက လယ်ယာစိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနဝန်ကြီး မစ္စတာChalermchai Sri-on အနေဖြင့် ယခင်အပတ်က လယ်ယာထွက်ကုန်နှင့်အစားအစာတင်ပို့မှုတိုးမြှင့်ရန် ယူအေအီးနှင့်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ ယခုနှစ်တွင် တန်ဖိုးအားဖြင့်

ဘတ်ငွေ(၁၀)ဘီလီယံခန့်တိုးမြှင့်တင်ပို့နိုင်ရန်ဖြစ်ကြောင်း ၎င်းမှာယမန်နှစ်ကထက်(၄.၆%) တိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အခြားသောမူဝါဒများတွင် ဖြန့်ဖြူးရေးအပိုင်းပံ့ပိုးမှု၊ အရည်အသွေးထိန်းချုပ်တိုးတက်မှု၊ စားသုံးမှုမြှင့်တင်ရေး၊ ထုတ်လုပ်မှုအပိုင်းအတွက် ပံ့ပိုးမှုနှင့်ကူညီကယ်ဆယ်ရေးအစီအမံများဖြစ်ကြောင်းသိရှိရပါသည်။ အစိုးရအနေဖြင့်တရုတ်နိုင်ငံ၏ Zero-Covid မူဝါဒနှင့်တင်းကြပ်စွာစစ်ဆေးကြသည့် Mohan ၊ Youyi Guan ၊ Dongxing နှင့် Ping Xiang စသည့် နယ်စပ်စစ်ဆေးရေးဂိတ်လေးခုမှ ထိုင်းသစ်သီးဝလံများ တင်ပို့မှုအဆင်ပြေချောမွေ့စေရန် တရုတ်အစိုးရနှင့်ဆွေးနွေးပြောကြားမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်လျှက်ရှိကြောင်းသိရှိရပါသည်။

လက်ရှိအားဖြင့် တရုတ်အာဏာပိုင်များအနေဖြင့် အဆိုပါ နယ်စပ်စစ်ဆေးရေးဂိတ်လေးခုမှ ဝင်ရောက်လာသော ထိုင်းသစ်သီးဝလံကွန်တိန်နာများအား၎င်းတို့၏ Zero-Covid မူဝါဒနှင့်အညီ တင်းကြပ်စွာစစ်ဆေးဆောင်ရွက်လျှက်ရှိနေကြောင်း၊ စစ်ဆေးရေးလုပ်ငန်းစဉ်များက တင်ပို့မှုများကို ကြန့်ကြာစေကြောင်းနှင့် တစ်ခါတစ်ရံတွင်အချို့သော သစ်သီးဝလံများ ပုပ်သွားကြကြောင်းသိရှိရပါသည်။

ထိုင်းအစိုးရအနေဖြင့် ဒူးရင်းသီးတင်ပို့သူများအား GMPနှင့် ကိုဗစ်ကင်းစင်ကြောင်း အထောက်အထားလက်မှတ်များဖြင့် အထူးအခွင့်အရေးများပေးရန်တရုတ်နိုင်ငံသို့တောင်းဆိုထားကြောင်း၊ ယခုအချိန်အထိ ဒူးရင်းသီးတင်ပို့သူ(၄၀၀)သာ သင်တန်းတက်ရောက်ခဲ့ပြီး GMPလက်မှတ်နှင့် ကိုဗစ်ကင်းစင်ကြောင်း အထောက်အထားလက်မှတ်များရရှိထားကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် တရုတ်၊ လာအိုနှင့်ဗီယက်နမ်နိုင်ငံများအကြား သစ်သီးဝလံတင်ပို့မှု အရှိန်မြှင့်တင်ရန်နှင့် သွင်းကုန်တင်သွင်းမှုတို့အတွက် ဘုံသဘောတူညီချက်တစ်ရပ်ချမှတ်နိုင်ရန်နှင့် နယ်စပ်စစ်ဆေးရေးဂိတ်တိုင်းတွင် ထိုင်းသစ်သီးဝလံများပုပ်မသွားစေရန် ထိုင်းသစ်သီးဝလံများအပေါ် အကောက်ခွန်ရှင်းလင်းရေးအား အရှိန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး အစိမ်းရောင်လမ်း (Green Lane) ထားရှိနိုင်ရေးတို့အတွက် ပူးတွဲအစည်းအဝေးတစ်ရပ်ကျင်းပသွားရန် ထိုင်းနိုင်ငံမှ အဆိုပြုထားကြောင်းသိရှိရပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ဇန်နဝါရီလတွင် တရုတ်နိုင်ငံနှင့် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုအနေဖြင့် (၂၄.၃၄%)ကျဆင်းခဲ့ပြီးဘတ်ငွေ(၁၆.၉၈)ဘီလီယံရှိခဲ့ကြောင်း၊ ၎င်းတွင် ထိုင်းနိုင်ငံမှတင်ပို့မှုအနေဖြင့် (၇.၉၃)ဘီလီယံရှိခဲ့ပြီး ယမန်နှစ် ကာလတူကထက် (၆.၃၇%)ကျဆင်းခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၃၅.၂၄%) ကျဆင်းခဲ့ပြီး၊ ဘတ်ငွေ(၉.၀၅) ဘီလီယံရှိခဲ့ကြောင်းသိရှိရပါသည်။ တရုတ်နိုင်ငံသို့တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုကျဆင်းသွားမှုကြောင့် ဇန်နဝါရီလတွင် စုစုပေါင်းတစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုမှာ ယခင်နှစ်ကာလတူထက်(၁၀.၄၆%)ကျဆင်းခဲ့ပြီး၊ ဘတ်ငွေ(၅၀.၆၉)အထိ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

သို့ရာတွင် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုအပါအဝင် နယ်စပ်ကုန်သွယ်မှုစုစုပေါင်းမှာ ဇန်နဝါရီလတွင် နှစ်အလိုက်၌ (၉.၄၉%) တိုးတက်ခဲ့ပြီး၊ ဘတ်ငွေ(၁၄၁.၀၇)ဘီလီယံရရှိခဲ့ကြောင်း၊ ၎င်းတွင် ပြည်ပသို့တင်ပို့မှုအနေဖြင့် ဘတ်ငွေ(၇၇.၆၉) ဘီလီယံရှိခဲ့ပြီး(၄,၅၃%) တိုးတက်ခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း ဘတ်ငွေ(၆၃.၃၇)ဘီလီယံရှိခဲ့ပြီး (၁၆.၂၅%) တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ဇန်နဝါရီလတွင် နယ်စပ်ကုန်သွယ်ရေးတစ်ခုတည်းအနေဖြင့် (၂၅.၁၃%)တိုးတက်ခဲ့ကြောင်းနှင့် ဘတ်ငွေ(၉၀.၃၈) ဘီလီယံရှိခဲ့ကြောင်း၊ ၎င်းတွင်ပို့ကုန်တင်ပို့မှုအနေဖြင့် ဘတ်ငွေ(၅၄.၄၆)ဘီလီယံရှိခဲ့ပြီး (၂၂.၇၆%)တိုးတက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သွင်းကုန်တင်သွင်းမှုမှာဘတ်ငွေ(၃၅.၉၁)ဘီလီယံရှိခဲ့ပြီး(၂၈.၉၂%)တိုးတက်ခဲ့ကြောင်းသိရှိရပါသည်။

ဝန်ကြီးမစ္စတာဂျူရင်က သစ်သီးဝလံတင်ပို့မှုအခက်အခဲများကို ပူးပေါင်းကိုင်တွယ်ဖြေရှင်းရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့အား ညွှန်ကြားထားကြောင်း ပြောကြားခဲ့ပါသည်။

**Source: Bangkok Post**

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## တောင်ကိုရီးယားနိုင်ငံအစိုးရက ခရီးသွားလာမှုဆိုင်ရာ Quarantine ကန့်သတ်မှုအစီအမံများကို ဖြေလျှော့ရုပ်သိမ်းပေးမည်ဟု ကြေညာခဲ့ပြီးနောက်လေကြောင်းလိုင်းများသည် လုပ်ငန်းများပြန်လည်တိုးတက်ရန် မျှော်လင့်ချက်မြင့်မားလျက်ရှိမှုအခြေအနေ




Korean Air B787-9/ Courtesy of Korean Air



www.visitkorea.or.kr

နိုင်ငံရပ်ခြားခရီးသွားလာမှုအတွက် ဆိုက်ရောက်ခရီးသည်များ မဖြစ်မနေဆောင်ရွက်ရသော ကိုဗစ်-၁၉ဆိုင်ရာ Quarantine အစီအမံများကို ဖြေလျှော့ပေးမည်ဟု တောင်ကိုရီးယားအစိုးရက (၁၁-၃-၂၀၂၂) ရက်နေ့တွင် ကြေညာခဲ့ခြင်းကြောင့် လေကြောင်းလိုင်းများအနေဖြင့် လုပ်ငန်းလည်ပတ်မှုများ ပြန်လည်တိုးတက်ပွင့်လန်းလာရေးအတွက် မျှော်လင့်ချက်များ မြင့်မားလျက်ရှိပါသည်။

၂၀၂၂ ခုနှစ်၊ မတ်လ(၂၁) ရက်နေ့မှစတင်၍ (ကန့်သတ်နိုင်ငံများမှအပ) တောင်ကိုရီးယား နိုင်ငံနှင့် ပြည်ပနိုင်ငံများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသဖြင့် တောင်ကိုရီးယားနိုင်ငံ၏ COOV Application တွင် ၎င်းတို့၏ကာကွယ်ဆေးထိုးပြီးကြောင်း Register ပြုလုပ်စာရင်းသွင်းထားပြီးသူများသည် မဖြစ်မနေဝင်ရောက်ရသည့် Quarantine အစီအစဉ်မှ ကင်းလွတ်ခွင့်ရရှိတော့မည် ဖြစ်ပါသည်။ လက်ရှိကူးစက်မှုအခြေအနေများအရ ကန့်သတ်နိုင်ငံများစာရင်းတွင် ပါကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ယူကရိန်းနှင့် မြန်မာနိုင်ငံတို့ပါဝင်နေသေးကြောင်း www.visitkorea.or.kr တွင် လေ့လာတွေ့ရှိရ ပါသည်။

ကာလရှည်ကြာလျက်ရှိသော ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါကြောင့် ခက်ခဲမှုများစွာ ကြုံတွေ့နေရသော လေကြောင်းလိုင်းများသည် မဖြစ်မနေ Quarantine အစီအမံများကို တောင်ကိုရီးယားအစိုးရက ဖြေလျှော့ရုပ်သိမ်းပေးလိုက်ခြင်းကြောင့် ခရီးသည်များတိုးတက်လာမည်ဟု မျှော်လင့်လျက်ရှိကြောင်း၊ ကပ်ရောဂါ၏ရိုက်ခတ်မှုကြောင့် ၎င်းတို့၏ခရီးသွားလုပ်ငန်း ဝင်ငွေများကို ကျဆင်းစေခဲ့သဖြင့် လေကြောင်းလိုင်းလုပ်ငန်းများသည် ခရီးသည်ဝယ်လိုအား ပြန်လည်ကောင်းမွန်လာစေရန် မျှော်လင့်နေကြကြောင်း၊ လတ်တလောတွင် နိုင်ငံတကာလေကြောင်းခရီးစဉ်များ၏ (၉၀) ရာခိုင်နှုန်းနီးပါးကို ရပ်နားထားရသော်လည်း ယခုကဲ့သို့ Quarantine အစီအမံများကို အစိုးရကဖြေလျှော့ပေးလိုက်သဖြင့် ခရီးစဉ်ပျံသန်းမှုများ ပြန်လည်စတင်နိုင်ရေးကို အထောက်အကူဖြစ်မည်ဟု မျှော်လင့်လျက်ရှိကြကြောင်း သိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၁ ခုနှစ်အတွင်း လေကြောင်းလိုင်း လုပ်ငန်းလည်ပတ်မှု အရှုံးငွေများအနေဖြင့် Jeju Air သည် ဝမ် (၃၂၃.၄) ဘီလီယံ (ခန့်မှန်း အမေရိကန်ဒေါ်လာ ၂၆၂.၁ သန်း)၊ Jin Air သည် ဝမ် (၁၉၄.၂) ဘီလီယံ၊ T'way Air သည် ဝမ် (၁၅၇) ဘီလီယံ နှင့် Air Busan သည် ဝမ်(၂၀၄.၃) ဘီလီယံတို့ အသီးသီးဖြစ်ပေါ်ခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်း လေကြောင်းလိုင်းဖြစ်သောKorean Air သည် ၎င်း၏ကုန်တင်ကုန်ချလုပ်ငန်းကြောင့် နှစ်စဉ် ဝင်ငွေတွင် Surplus (ပိုငွေပြ)ခဲ့သော်လည်း ၎င်း၏ခရီးသည် တင်လုပ်ငန်းလည်ပတ်မှုမှာ လျော့ကျနေးကွေးခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် Korean Air ၏ ခရီးသည်လုပ်ငန်းသည် တန်ဖိုး ဝမ် (၁.၈၃) ထရီလီယံရောင်းချနိုင်ခဲ့ပြီး၊ ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက (၈၆.၀၅) ရာခိုင်နှုန်းကျဆင်းသွားကြောင်း လေ့လာသိရှိရပါသည်။

ထို့ပြင် ၂၀၂၂ ခုနှစ်၊ ဧပြီလမှစတင်၍ နိုင်ငံရပ်ခြားတွင် ကာကွယ်ဆေးထိုးနှံပြီး ၎င်းတို့၏ ကာကွယ်ဆေးထိုးမှတ်တမ်းကို စာရင်းမသွင်းထားသေးသူများသည်လည်း Quarantine ဝင်ရောက်ရခြင်း အစီအစဉ်မှ ကင်းလွတ်ခွင့်ရရှိတော့မည်ဖြစ်ကြောင်း၊ သို့ရာတွင် ကာကွယ်ဆေး လုံးဝ(လုံးဝ) မထိုးရသေးသူများအနေဖြင့်မူ ရောက်ရှိပြီး (၇) ရက်ကြာ Quarantine နေထိုင်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ Quarantine အခြေအနေများပေါ်မူတည်၍ လေကြောင်းခရီးစဉ်များ၊ လေယာဉ်ပျံသန်းမှုများနှင့် ဗီဇာထုတ်ပေးခြင်းတို့ကို တစ်ဖြည်းဖြည်းချင်း တိုးချဲ့သွားရန် စီစဉ်ထားကြောင်း Central Disaster and Safety Countermeasures Headquarters မှပြောကြားခဲ့ပါသည်။ တစ်နည်းဆိုရသော် ယခုကဲ့သို့ တောင်ကိုရီးယားအစိုးရမှ ဖြေလျှော့ပေးမည့်မူဝါဒအရ ကိုဗစ်-၁၉ ကာကွယ်ဆေး Dose များကို သတ်မှတ်အကြိမ်အရေအတွက် ပြည့်မီစွာဖြင့် တတ်နိုင်သမျှထိုးထား၍ ရောဂါကာကွယ်မှုရှိနေသည့်ကာလပတ်လုံး နိုင်ငံရပ်ခြားခရီးသွားများကို Quarantine သီးသန့်ခွဲခြားနေထိုင်ရန် မလိုအပ်တော့သဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာပြီး ခရီးသွားလာမှုများလည်း ပြန်လည်ပွင့်လန်းတိုးတက်လာမည်ဟု မျှော်လင့်ရပါသည်။

၂၀၂၂ ခုနှစ်၊ မတ်လ(၂၁)ရက်နေ့မတိုင်မီ လက်ရှိကာလတွင်မူ တောင်ကိုရီးယားနိုင်ငံ၏ Quarantine အာဏာပိုင်များသည် နိုင်ငံသား/နိုင်ငံခြားသား ခရီးသွားများအား တောင်ကိုရီးယားနိုင်ငံသို့ မဝင်ရောက်မီ PCR စမ်းသပ်မှုရလဒ်ကို တင်ပြရန်လိုအပ်သေးကြောင်း၊ PCR စစ်ဆေးမှုရလဒ်သည် Negative (-) ဖြစ်သည့်တိုင် ဆိုက်ရောက်ခရီးသည်များအနေဖြင့် တောင်ကိုရီးယားနိုင်ငံအတွင်းသို့ ဝင်ရောက်ပြီးနောက် (၇) ရက်ကြာ Quarantine နေထိုင်ရဦးမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

Source: The Korea Times (14-3-2022)

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## ဟောင်ကောင်ဒေသ၌ စိုးရိမ်ကြောင့်ကြမှု ဖိအားများ အလွန်ကြီးမားလျက်ရှိသောကြောင့် လက်လီရောင်းချမှုမှာ (၆) လအတွင်း နှေးကွေးလျက်ရှိကြောင်း

ဟောင်ကောင်ဒေသ လက်လီရောင်းချမှုမှာ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လမစတင်၍ နှေးကွေးလျက်ရှိပြီး ဒေသအစိုးရ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် ဖိအားများ ပိုမိုဖြစ်ပေါ်လျက်ရှိကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့ထုတ် The Standard သတင်းစာ၌"Hong Kong retail slows to six-month as immense stress looms" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ယခုနှစ် ဇန်နဝါရီလတွင် လက်လီရောင်းချမှု (၄.၁) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ တရုတ်နှစ်သစ်ကူးတွင် ပုံမှန်အားဖြင့်သုံးစွဲမှုများပြီး ကုန်ပစ္စည်းများ လက်လီရောင်းချမှုမြင့်တက်နိုင်သော်လည်း ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစတင်၍ လက်လီရောင်းချမှုများလျော့ကျခဲ့ကြောင်း၊ ထို့ပြင်ဒေသအစိုးရ၏ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များအား ပိုမိုတင်းကျပ်စွာချမှတ်ခဲ့သောကြောင့် မကြာမီကာလအတွင်း လက်လီရောင်းချမှုအပေါ် ဖိအားများပိုမို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

အာရှဒေသ၏ ငွေကြေးအချက်အချာကျသော ဟောင်ကောင်အနေဖြင့် စီးပွားရေးကဏ္ဍတွင် ဖိအားများဖြင့် ရင်ဆိုင်ရလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဟောင်ကောင်ဒေသ၏ စီးပွားရေးကျဆင်းမှုမှာ (၂၂) လအတွင်း အနိမ့်ဆုံးဖြစ်ခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ၏ စီးပွားရေးမှာ ပထမသုံးလပတ်အတွင်း လျော့ကျမည်ဟုခန့်မှန်းထားကြောင်း၊ ဟောင်ကောင်ဘဏ္ဍာရေး အတွင်းဝန် (ဝန်ကြီး) Mr. Paul Chan ကလည်း ဘဏ္ဍာရေးစီမံချက် ရှင်းလင်းပွဲတွင် ဟောင်ကောင်ဒေသ လက်လီရောင်းချမှုမြင့်တက်ရန် ဒေသအစိုးရအနေဖြင့် ဒေသခံများကို ထပ်မံ၍ ဟောင်ကောင်ဒေါ်လာ (၁၀,၀၀၀) တန်ဖိုးရှိ Consumption Voucher များ ပံ့ပိုးသွားမည်ဟု ပြောကြားခဲ့ကြောင်း၊ ယခုလက်ရှိ ဟောင်ကောင်ဒေသ၌ ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ပဉ္စမလှိုင်းမှာ ပြင်းထန်လျက်ရှိသဖြင့် လက်လီရောင်းချမှုအပေါ် ထိခိုက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်မှု ပြင်းထန်လျက်ရှိသောကြောင့် ဟောင်ကောင်ဒေသရှိ စတိုးဆိုင် (၅၃) ဆိုင်ကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ အွန်လိုင်းမှ ရောင်းချသူများအနေဖြင့်လည်း ၎င်းတို့ဝန်ထမ်းများ၏ (၂၀) ရာခိုင်နှုန်းမှာ Quarantine ဝင်ရောက်လျက်ရှိသောကြောင့် အမှာစာများပြည့်မီစေရေး ဖြည့်ဆည်းပေးနိုင်ရန် ခက်ခဲလျက်ရှိကြောင်း၊ ဒေသအစိုးရအနေဖြင့် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများချမှတ်ရာတွင် စီးပွားရေးကဏ္ဍအတွက်လည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: အေးသီခိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

# STOCK EXCHANGE (28.3.2022)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th Mar. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | +0 | +0.00% | 7,800 | 7,900 | 7,800 | 129 | 1,018,900 | 33,109,694 | 261,567 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 203 | 568,550 | 38,929,150 | 109,002 |
| MCB | 00003 | 7,700 | -200 | -2.53% | 7,700 | 7,700 | 7,700 | 1 | 7,700 | 10,400,986 | 80,088 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 289 | 5,346,500 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 432 | 1,144,800 | 19,977,223 | 52,940 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 0 | 0 | 10,497,598 | 53,538 |


## Market summary

As of 28th Mar. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.72 | -2.31 | -0.63% | 364.93 | 366.84 | 364.93 | 1,054 | 8,086,450 | 7 | 636,208 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 28th Mar. 2022

| MYANPIX | 365.72 ▼ 2.31 |
|---|---|
| Total Volume (shares) | 1,054 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 636,208 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▲ 0 |
| MTSH | 00002 | 2,800 | ▼ 50 |
| MCB | 00003 | 7,700 | ▼ 200 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 0 |